

# တရုတ်နိုင်ငံ “အနှေးရထား”။ ။
# လျင်မြန်သောခေတ်ကာလမှ နွေးထွေးသောရထားတွဲ

ယခုနှစ် နွေဦးရာသီပွဲတော်မတိုင်မီကာလတွင် ယူနန်ပြည်နယ် ကူမင်းမြို့မှ ယွမ်မိုအနောက်ဘက်ဘူတာအထိ မောင်းနှင်သည့် အမှတ်(၇၄၆၆/၅)ပရဟိတ “ အနှေးရထား ”သည် ပထမဆုံးအကြိမ်အဖြစ် နှစ်သစ်ကူးပစ္စည်းများ ရောင်းချသည့် ဈေးတန်းကို ဖွင့်လှစ်ကျင်းပခဲ့ပြီး မီဒီယာများ၏ သတင်းတင်ပြမှုများကြောင့် အွန်လိုင်းတွင် နာမည်ကျော်ကြားလာပါသည်။ ပရဟိတ “ အနှေးရထား”ဆိုသည်မှာ မောင်းနှင်သော အရှိန်နှေးကွေးသော၊ လက်မှတ်ဈေးနှုန်း ချိုသာသော၊ ဘူတာတိုင်းတွင် ရပ်တန့်သော ရထားတွဲကို ရည်ညွှန်းပါသည်။ အဓိကအားဖြင့် လမ်းတစ်လျှောက် အများပြည်သူ၏ ခရီးသွားလာမှုနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုများကို လွယ်ကူအဆင်ပြေစေခဲ့ပါသည်။

အမြန်ရထားခေတ်သို့ ဝင်ရောက်ပြီးသော်လည်း တရုတ်နိုင်ငံသည် ဝေးလံခေါင်သီသော ဒေသများတွင် “အနှေးရထား”ပြေးဆွဲပေးခြင်းဖြင့် လယ်ယာစိုက်ပျိုးရေး ထောက်ပံ့ကူညီမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ဤ “အနှေးရထား”များသည် အရှိန်နှေးကွေးသော်လည်း ဘူတာတိုင်းတွင် ရပ်တန့်၍ လက်မှတ်ဈေးနှုန်းမှာလည်း ချိုသာပါသည်။ ၎င်းတို့သည် အချိန်ရှည်ကြာသော်လည်း လမ်းတစ်လျှောက်မှ များပြားသော ပြည်သူများ၏ ဘဝနေထိုင်မှု၊ သွားလာမှု၊ အရောင်းအဝယ်လုပ်မှု၊ ကျောင်းတက်မှု၊ လက်ထပ်မင်္ဂလာပြုလုပ်ချိန်တွင် တွက်ခြေကိုက်မှုနှင့် လွယ်ကူအဆင်ပြေမှုအရှိဆုံးသော ခရီးသွားလာရေးများထဲမှ တစ်ခုဖြစ်ပါသည်။ ၎င်းတို့သည် အရှိန်ကို လျှော့ချခြင်းဖြင့် လမ်းတစ်လျှောက်မှ ပြည်သူများအတွက် နွေးထွေးမှုများ ယူဆောင်ပေးလာပြီး ပြည်သူများကို ချမ်းသာကြွယ်ဝသော လမ်းပေါ်သို့ လျင်မြန်စွာ လျှောက်လှမ်းနိုင်ရန် တင်ဆောင်လာနေပါသည်။

## ချမ်းသာကြွယ်ဝလာစေမည့် လက်တွဲဖော်

“ ပေါ် . . . ” နေ့လယ်အချိန်နီးလာချိန်တွင် ရှည်လျားပြီး ကျယ်လောင်သော ဥဩဆွဲသံသည် တောင်ကြားမှ ပျံ့လွင့်လာပြီး အမှတ်(၅၆၃၈) ရထားတွဲသည် ကွေ့ကျိုးပြည်နယ် ခိုင်လီမြို့ ကျားလောင်ရွာ ကျားလောင်ဘူတာမှ ဖြည်းဖြည်းချင်း ခုတ်မောင်းထွက်ခွာလာပါသည်။ မီတာ ၃၀၀-၄၀၀ အကွာတွင် ကွေ့ကျိုးပြည်နယ် ခိုင်လီမြို့ ဝမ်းရွှေမြို့နယ် ဝုန်းတန်းရွာရှိပါသည်။ ရွာသူဖြစ်သူ ဝူရှို့ဖန်းသည် မိမိအိမ်တွင် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်များကို ထမ်းကာ ဤရထားတွဲအား လိုက်ပါစီးနင်း၍ ကီလိုမီတာ ၄၀ အဝေးမှ ခိုင်လီမြို့ထဲတွင် သွားရောက်ရောင်းချရန် ပြင်ဆင်နေပါသည်။ ဝုန်းတန်းရွာတွင် ရွာသူရွာသားများသည် နေ့စဉ်နေ့တိုင်းဟင်းသီးဟင်းရွက်တောင်းများထမ်း၍ ရထားလိုက်စီးကြပါသည်။ “လက်မှတ်ဖိုးက ခြောက်ယွမ်၊ နာရီဝက်ဆိုရင် ခိုင်လီမြို့ထဲကို ရောက်ပြီ။ ညနေကျရင် နောက်ရထားစီးပြီး အိမ်ပြန်၊ အဆင်ကို ပြေနေတာပဲ”ဟု ဝူရှို့ဖန်းမှ ပြောပါသည်။ “နှစ်ရက်တစ်ခါ ရထားစီးပြီး မြို့ထဲသွား ဟင်းသီးဟင်းရွက်ရောင်း၊ တစ်နှစ်ဆိုရင် အနည်းဆုံး ယွမ်နှစ်သောင်းလောက် ရတယ်။ မိသားစုရဲ့ နေ့စဉ်အသုံးစရိတ်အတွက် လုံလောက်ပါတယ်။” “ အနှေးရထား ”ကို အမှီပြု၍ ရွာသူရွာသားများသည် ဒေသထွက် ကုန်ပစ္စည်းများကို ပို့ဆောင်ရောင်းချနေပြီး “အနှေးရထား”၏ ရထားတွဲများသည်ပင် ရွေ့လျားဈေးအဖြစ် ရှိနေကာ ဈေးဖွင့်ရာ ရည်မှန်းချက်နေရာသို့ မရောက်မီမှာပင် ရွာသူရွာသားများသည် အရောင်းအဝယ် သုံး-လေးကြိမ် ပြုလုပ်နိုင်ကြပါသည်။ ချိုသာသော ရထားလက်မှတ်သည် ငွေသုံးစွဲမှုကို ချွေတာနိုင်ရုံသာမက “အနှေးရထား”သည်လည်း အများပြည်သူ၏ ဝင်ငွေတိုး ကြွယ်ဝချမ်းသာလာစေသည့် လက်တွဲဖော်ဖြစ်လာပါသည်။

## ရွေ့လျားစာကြည့်တိုက်

အမှတ်(၅၆၃၄)“အနှေးရထား”သည် နှစ်စဉ်လများ စီချွမ်ပြည်နယ် တာ့လျန်တောင်ကြားတွင် ပြေးဆွဲနေပြီး တစ်ချိန်က“အနိမ့်ဆုံးလက်မှတ်ဈေးနှုန်း နှစ်ယွမ်”ဖြင့် နာမည်ကျော်ကြားခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုပေးသည့် ပရဟိတရထားတွဲ ဖြစ်ပါသည်။ လမ်းတစ်လျှောက်မှ ကလေးငယ်များသည် ဤရထားတွဲ စီး၍ ကျောင်းသွားတက်ကြသဖြင့် တာ့လျန်တောင်မှ ကလေးငယ်များ၏ “ကျောင်းရထား”ဟု ရင်းနှီးစွာ နာမည်ပေးထားပါသည်။

ရထားပေါ်တွင် “ရွေ့လျားစာကြည့်တိုက်”အဖြစ် ပြုပြင်ထားသည့် ရထားတွဲအတွင်း၌ ထောင်နှင့်ချီသော သေချာစွာ ရွေးချယ်ထားသည့် စာအုပ်များရှိနေပါသည်။ လူမှုယဉ်ကျေးမှု၊ သမိုင်း၊ ခရီးသွား၊ သိပ္ပံနည်းပညာ စသည်ဖြင့် အမျိုးအစားစုံလင်လှပြီး အလယ်တန်းနှင့် မူလတန်းကျောင်းသားများ ဖတ်ရှုရန် သင့်တော်သည့် နာမည်ကျော် ဂန္ထဝင်စာပေများ၊ သိပ္ပံနည်းပညာ အသိပညာပေးစာအုပ်များ စသည်တို့ ပါဝင်ပါသည်။ တာ့လျန်တောင်မှ ကလေးငယ်များအတွက် စိတ်ကူးယဉ်အတွေးများကို တောင်ပံတပ်ပေးပြီး ၎င်းတို့ကို ရထားစီးနင်းနေချိန်တွင် စိတ်ဝင်စားဖွယ်ရာများဖတ်ရှု၍ အသိအမြင်များ ကျယ်ပြောလာစေပါသည်။ တာ့လျန်တောင်မှ လာသည့် ကျန်းယွီကျယ်သည် “အရင်တုန်းက သိပ္ပံနည်းပညာဆိုင်ရာ စိတ်ကူးယဉ်စာအုပ်တွေကို ဖတ်ခဲ့ခဲ့ပါတယ်။ ရထားပေါ်မှာ ဒီအမျိုးအစား စာအုပ်တွေကို ဖတ်လိုက်ရတော့ အင်မတန်ဝမ်းသာပါတယ်။ အမြင်အလွန်ကျယ်စေပါတယ်”ဟု ပြောပါသည်။



အမှတ်(၅၆၃၄)ရထားမှလွဲ၍ ယူနန်ပြည်နယ် ကူမင်းမြို့မှ ကွေ့ကျိုးပြည်နယ် ဟုန်ကော်ဘူတာသို့ ခုတ်မောင်းသည့် အမှတ်(၅၆၅၂) “ အနှေးရထား ” ပေါ်တွင်လည်း စာဖတ်ကော်နာကို ထားရှိပေးထားပါသည်၊ စာအုပ်စင်ပေါ်တွင် လယ်ယာစိုက်ပျိုးဆိုင်ရာ၊ မွေးမြူရေးနည်းပညာဆိုင်ရာများနှင့် ပတ်သက်သည့် စာအုပ်များကိုထားရှိပြီး ခရီးသည်များသည် အချိန်မရွေး ဖတ်ရှုလေ့လာနိုင်ပါသည်။

## ခရီးသွားရွေးချယ်မှုအသစ်

လူအများစုအတွက်ဆိုလျှင် ခရီးသွားခြင်း၏ အဓိပ္ပာယ်မှာ ရှုပ်ထွေးအလုပ်များသော နေ့စဉ်ဘဝအတွက် “အရှိန်လျှော့ချခြင်း”ဖြစ်ပြီး အချိန်ယူ၍ ပင်ပန်းနွမ်းနယ်သော စိတ်နှလုံးကို ပြေလျော့စေကာ အလုပ်များနေသော ခြေလှမ်းများအား နှေးကွေးလာစေလျက် နေ့စဉ်ဘဝအပြင်မှ ရှုမျှော်ခင်းများနှင့် လူမှုဘဝရှုခင်းများကို တွေ့ရှိစေခြင်း ဖြစ်ပါသည်၊

ယူနန်ပြည်နယ်တွင် အမှတ်(၇၄၆၆/၅) “ အနှေးရထား ” သည် နာမည်ကျော်ကြားသည့် လုဖုန်းကမ္ဘာဒိုင်နိုဆောတောင်ကြား၊ လက်ဖက်နှင့် မြင်းကုန်သည်ပို့ဆောင်ရေး ရှေးလမ်းနှင့် ခေတ်ပေါ်အဆောက်အအုံများ ပေါင်းစပ်ထားသည့် ကျင်းရှုန်းရှေးမြို့ဟောင်း၊ ရှည်ကြာသော သမိုင်းကြောင်း ပိုင်ဆိုင်ထားသည့် ဟေးကျင်ရှေးမြို့ဟောင်းနှင့် သဘာဝတရားကြီးမှ အလှဆင်ထားသော လက်ရာမွန်ဖြစ်သည့် ယွမ်မိုမြေစိုင်တောတို့အား ဖြတ်သန်းသွားပါသည်။

“ရထားက အရှိန်အင်မတန်နှေးပေမယ့် တောင်မြင့်တွေ၊ တောင်ကြားတွေကိုဖြတ်၊ လှိုဏ်မြောင်၊ ချောက်ကမ်းပါးတွေကို ကျော်၊ လမ်းတစ်လျှောက်မှာ အင်မတန်မှလှပတဲ့ ရှုမျှော်ခင်းတွေ ရှိပါတယ်”ဟု တရုတ်မီးရထား ကူမင်းဦးစီးဌာန လုပ်ငန်းစု အမှတ်(၇၄၆၆) ရထားတွဲ တွဲမှူး ရန်ကျောက်ရှန့်က မိတ်ဆက်ပြောကြားခဲ့ပါသည်။

ချင်လင် တောင်တန်းသည် အဓိကကျသော ရာသီဥတု၊ ပထဝီအနေအထား၏ နယ်နိမိတ်စည်းမျဉ်းဖြစ်ပြီး အရှေ့အနောက် ကီလိုမီတာ ၁၆၀၀ ရှည်လျားပါသည်၊ ဆောင်းရာသီရောက်ရှိချိန်တိုင်းတွင် နှင်းဖြူများ ဖုံးလွှမ်းထားသည့် ချင်လင်တောင်တန်းသည် ငွေရောင်တဖွေးဖွေးဖြင့် လွန်စွာမှ ထည်ဝါလှပပါသည်။ ရှန်ရှီးပြည်နယ်၊ ကန်းစုပြည်နယ်၊ စီချွမ်ပြည်နယ်ဆိုသည့် ပြည်နယ် ၃ ခုအား ဖြတ်သန်းမောင်းနှင်လာသည့် အမှတ် ၆၀၆၃/၆၀၆၄ “အနှေးရထား”သည် ချင်လင်တောင်တန်းနက်ရှိုင်းသော အတွင်းပိုင်းရှိ ဘူတာ ၃၂ ခုတွင် ရပ်တန့်သဖြင့် ဆောင်းရာသီ ချင်လင်တောင်တန်း နှင်းရေခဲခရီးစဉ်လာရောက်ခြင်း၏ ပထမဆုံးသော ခရီးသွားလာရေး ရွေးချယ်မှုတစ်ခု ဖြစ်လာပါသည်။

အကယ်၍ ယခင်က “အနှေးရထား”သည် သာယာလှပသော ဘဝကို ဝေးလံခေါင်သီသောဒေသများသို့ သယ်ဆောင်လာခဲ့သည်ဆိုပါက ယခုအခါတွင် ၎င်းသည် ဤဒေသများ၏ သာယာလှပသော ရှုမျှော်ခင်းများကို အပြင်လောကကမ္ဘာသို့ သယ်ဆောင်ပေးပါသည်။ တောတောင်ရေမြေပန်းချီကားများကို ရထားပြတင်းပေါက်တွင် ထင်ဟပ်နေစေပြီး ခရီးသည်များ၏ ရှေ့မှောက်သို့ ပို့ဆောင်ပေးနေပါသည်။

ပြည်သူ့နေ့စဉ်သတင်းစာ၊
ဆင်ဟွာသတင်းဌာန၊
စီချွမ်နေ့စဉ်သတင်းစာ၊
အလင်းနေ့စဉ်သတင်းစာ